

# ကျနော့်ဘဝနှင့် ဒီမိုကရေစီခရီး

လူဖိုလ်

## ဒီမိုကရေစီနှင့် စတင်ရင်းနှီးမိခြင်း

ရှစ်လေးလုံး အရေးတော်ပုံ မတိုင်မီအထိ ဒီမိုကရေစီနှင့်ပတ်သက်သော ဗဟုသုတဟူ၍ မိမိတွင် လုံး ဝနီးပါးမရှိခဲ့။ ကျောင်းပြီးသော ကျောင်းသားတဦး၊ ပညာတတ် တဦးအဖြစ် အမည်ခံကာ ရပ်တည်ခဲ့ရပေမယ့် ကျောင်းတွင် သင်ကြားခဲ့ရသော နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို (ကွန်မြူနစ်စနစ်သည် မကောင်း၊ အရင်း ရှင်စနစ်သည် မကောင်း။ ဆိုရှယ်လစ်စနစ်သည်သာ အကောင်းဆုံးဖြစ်၍ မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ဖြစ်သည်ဟု ) စာမေးပွဲအောင်ရုံ လေ့လာခဲ့ရကြောင်း ကို ကိုယ့်ကိုယ်ကိုသာ အသိဆုံး။

အရေးအခင်း ကာလမှသာ ဒီမိုကရေစီဆိုသည့် ဝေါဟာရမှာ ဂရိဘာသာမှ ဆင်းသက်လာကြောင်း၊ DEMOS နှင့် KRATIA မှတဆင့် CRACY ကိုပေါင်းစပ်ပြီး ဒီမိုကရေစီ ဖြစ်ပေါ်လာကြောင်း။ DEMOS ၏ အဓိပ္ပါယ်မှာ ပြည်သူများ ဟူ၍ ဖြစ်ပြီး KRATIA ၏အဓိပ္ပါယ်မှာ အုပ်ချုပ်ခြင်း (သို့) အာဏာဟူ၍ဖြစ်ကြောင်း နှင့် ဒီမိုကရေစီ ဆိုသည်မှာ ပြည်သူ လူထု အုပ်ချုပ်ခြင်းဟု အဓိပ္ပါယ်ရကြောင်းတို့ကို စတင်သိခွင့်ရခဲ့သည်။ ထိုအသိလေးနှင့်ပင် ဆန္ဒပြ မှုများတွင် ဒီမိုကရေစီရရှိရေး တို့အရေးဆိုသည့် တောင်းဆိုမှုများကို သံကုန်ဟစ် ခဲ့သူဟုသတ်မှတ်လျှင်လည်း ဝန်ခံရမည်သာ။

အခြေအနေမှန်ပင်ဖြစ်၍ မငြင်းသာသော်လည်း မိ မိနှင့်ဘဝတူ လူငယ်များအတွက် ဒီမိုကရေစီဆို သည်ကို လေ့လာနိုင်ခွင့်နှင့် လေ့လာစရာ နယ်ပယ်များ ဖန်တီးပေးမထားခြင်းကိုလည်း ထည့်တွက်သင့်၏။

မည်သို့ပင်ဆိုစေ ရှစ်လေးလုံး အရေးတော်ပုံကာလတွင် ပျော်သည်။ အဘယ့်ကြောင့် ပျော်ရသနည်းဟု မေးလျှင် လွတ်လပ်မှု ရှိ၍ဟု ဖြေမည်။ လွတ်လပ်မှုကို မည်သည့်အရာနှင့် တိုင်းမည်နည်းဟု ထပ်မေးလျှင် ကြောက်စရာမလို၊ ကြောက်ရမယ့် လူမရှိ၍ဟု ဖြေမည်။ နောက်ထပ်ပြောရမည့် ပျော်ရသည့် အချက်ထဲတွင် အစုအဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်ရသည့်အတွက် ပျော်ခြင်းလည်းပါသည်။ စိတ်ကူးဉာဏ်သစ်များကိုလည်း ထုတ်ဖော်ခွင့်ရသည်။ စုပေါင်းတိုင်ပင်၊ စုပေါင်း အဖြေရှာ၊ စုပေါင်း လှုပ်ရှားခွင့်ရသည့် အရသာထူးကို မြည်းစမ်းခွင့် ရခြင်းအတွက် ဒီမိုကရေစီဆိုသည်ကို ကျေနပ်စွာ လက်ခံမိခဲ့သည်။ ဤမျှလောက်သော အပိုင်းအစ ကလေးများကို ကောက်ယူ သုံးစွဲခွင့် ရသည့် အခိုက်အတန့် ကာလတွင်ပင် ကျေနပ်မှု ပေးစွမ်းနိုင်သော စနစ်တွင် ထို့ထက် ပိုမိုနက်ရှိုင်း၍ တန်ဖိုးကြီးသော အနှစ်သာရများစွာ ကျန်ရှိနေဦး မည်ဟု ယူဆမိခဲ့သည်။ ထိုထို သော အနှစ်သာရများကို မိမိကဲ့သို့သော သူများနှင့် နောင်မျိုးဆက်များအတွက် လက်ဆောင်ပေးချင်သည့် စိတ်စေတနာများလည်း ဖူးပွင့်လာခဲ့မိပါ၏။

အခိုင်အမာပြောနိုင်သည်မှာ ရှစ်လေးလုံးမတိုင်မီ ကာလနှင့် ရှစ်လေးလုံးကာလနှစ်ခုဟာ မိမိအ တွက် အခြားနားကြီး ခြားနားပါသည်။ ယန္တယားဆန်ဆန် လှုပ်ရှားသွားလာနေကြရာမှ လူသားဆန်ဆန် အသက်ရှင် သွားလာနိုင်လာသ လိုလို။ လူတဦး၏ စိတ်ခံစားချက်များ၊ စိတ်ကူးစိတ်သန်းများနှင့် အကောင်အထည်ဖော် ဆောင်လိုမှုများသည် လူ့လောက ကြီးနှင့် တဆက်တစပ်ထဲ ရှိလာသလိုလို။

ဤအခိုက်အတန့် ကာလအတိုလေးအတွင်းမှာပင် အားနည်းချက်အချို့ကိုလည်း ဆုပ်ကိုင် လိုက်မိပါသည်။ စိတ်ခံစားမှုများ နောက်သို့ အလွန်အကျွံ လိုက်တတ်ကြခြင်းဟူသော သဘာဝများကြောင့် ဆင်ခြင်တုံတရား အားကောင်းသော သူများ၏ အကြံပြု၊ တားမြစ်ကန့်သတ်ချက်များကို အများစုဆန္ဒအားကိုးဖြင့် ပစ်ပယ်ကာ အနိုင်ယူ ဖြေရှင်းမှု အမှားများနှင့် ဒီမိုကရေစီကို အခွင့်အရေးသက်သက်အမြင်ဖြင့် ဒီမိုကရေစီမှာ ဒီအခွင့်အရေးလေးတောင်မရှိဘူးလား ဆိုသည့် မူဘောင်မဲ့

အတွေး၊ အပြောနှင့် လုပ်ရပ်များအတွက် ရတက် မအေးရသည့် စိတ်ခံစားမှုကိုလည်း ကြိုတင်အဆစ် မြည်းစမ်းခွင့် ရလိုက်သေးသည်။

## ကျောင်းသားတပ်မတော်နှင့် ဒီမိုကရေစီ

စက်တင်ဘာ အာဏာသိမ်းမှု အပြီးတွင် ဒီမိုကရေစီ ရှာပုံတော်ဖွင့်မှုများ ခေတ်စားလာ၏။ အသက် အစိတ်ကျော်စားခဲ့မိသော အစာသည် မစင်မှန်းသိခဲ့ပြီဖြစ်၍ ထပ်မစားလိုတော့။ ဒီမိုကရေစီရမှ ပြန်မယ်ဟူသော အသံပိုင်ရှင်များ စုစည်းကာ ကျော င်းသားတပ်မတော်ကို ဖွဲ့စည်းလိုက်ကြသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးသည် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးကို စွမ်းဆောင်နိုင်မည့်အဖွဲ့အစည်း တခုဖြစ်သည်ဟူသော ယုံကြည်ချက်ဖြင့် တပ်ဖွဲ့ဝင် တဦးအဖြစ် အသက်နှင့်ဘဝကို ပုံအောကာ ပါဝင်ခဲ့သည်။

ကျောင်းသားတပ်မတော်တွင် ဒီမိုကရေစီနှင့် ပိုမိုနီးစပ်ခွင့်ရခဲ့ပြန်သည်။ လေ့လာခွင့်များနှင့်အတူ လေ့ကျင့် ခွင့်များကိုပါ တစုံတည်း ရလိုက်၏။ အပြည့်အစုံဆုံး အခြေအနေမဟုတ်တောင်မှ မလိုလားသူများအတွက် အလျှံ အပယ်ဟုပင် ဆိုနိုင်ပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို ဖတ်ခွင့်၊ လေ့လာခွင့်များမှ ၁၉၉၅ ခုနှစ်တွင် ထုတ်ဝေသော ဒီမိုကရေစီ လေ့လာရေး စာစဉ်သည် မိမိလက်လှမ်းမီသမျှ မြန်မာဘာသာဖြင့် ထုတ်ဝေသမျှထဲတွင် ထိုအချိန်အခါက အပြည့်စုံဆုံးဟုပင် ဆိုနိုင်၏။ ပြည်သူ့ဒီမိုကရေစီ၊ ဆိုရှယ် ဒီမိုကရက်၊ လစ်ဘရယ် ဒီမိုကရေစီ စသဖြင့် ရှေ့က ဝိသေသကို လိုက်၍ ဒီမိုကရေစီ အမျိုးအစားများ ပြောင်းသွားေ ကြာင်းနှင့် ပြည်သူ့ဒီမိုကရေစီဆိုသည်မှာ အာဏာရှင်အမျိုးအစား စနစ်တခုသာဖြစ်ကြောင်း တို့ကို ထပ်မံသိရှိခွင့် ရခဲ့ပြန်ပါသည်။

ထိုစာအုပ်နှင့်ပတ်သက်၍ ထူးခြားသည့်ဖြစ်စဉ် တခုရှိခဲ့ဖူး၏။ မိမိတို့ရဲဘော်များ ကရင်ပြည်နယ် လှုပ်ရှားနယ်မြေတခုတွင်ရှိစဉ် မြို့တမြို့သို့သွားမည့် လူကြုံတဦးနှင့် ပစ္စည်းမှာ၏။ ပစ္စည်းအမျိုးအမည် များ နေသဖြင့် စာရေးမှာရန်လိုနေရာ အလွယ်တကူပါသော အဆိုပါစာအုပ်မှ ကျမ်းကိုးစာရင်း နောက်ဆုံးစာရွက် ကို ဖြုတ်ပြီး သုံးလိုက်မိသည်။ စာရွက်မှာ တမျက်နှာ နီးပါးလွတ်နေသဖြင့် လိုအပ်သည် ပစ္စည်းများ စာရင်းကို ရေးပေးလိုက်သည်။ ထိုလူကြုံမှာလည်း မြို့သို့ရောက်ပြီး ဆိုင်တွင် ပစ္စည်းများကိုဝယ်ကာ အဆိုပါစာရွက်မှာ အမှတ်တမဲ့ပင် ကျန်ခဲ့၏။ ဆိုင်ရှင်ဆိုသူမှာ ပညာတတ် တယောက်ဖြစ်ပြီး ထိုအချိန်က ရွေးကောက်ပွဲ ဝင်ထားသည့် နိုင်ငံရေးပါတီတခုမှ ခေါင်းဆောင်တဦး ဟု သိရသည်။ ၎င်းပုဂ္ဂိုလ်သည် ကျန်နေခဲ့သော စာရွက်ကို ဖတ် ကြည့်မိပြီး ဈေး ဝယ်သွားသော လူနောက်သို့ အပြေးလိုက်ကာ အဆိုပါ စာရွက်နှင့်ပတ်သက်သော စာအုပ်ကို လိုချင်ကြောင်းနှင့် မည်မျှပင် ပေးရပေးရဟုဆိုကာ အတင်းတောင်းဝယ်၏။ လူကြုံကလည်း ရင်းနှီးစိတ်ချရသော ဆိုင်ရှင်ကို အခြေအနေမှန်ကို ရှင်းပြကာ ပြန်ခဲ့ရသည်။ နောက်ပိုင်းမှာ ထိုသတင်းကို ကြားရသဖြင့် မိမိတို့ အဖွဲ့မှ ဆိုင်ရှင်ထံသို့ ထိုစာအုပ်ကို အရောက်စီမံ၍ပို့ပေးလိုက်ပါသည်။

ထိုစာအုပ်၏အမှာစာတွင် မိမိအနှစ်သက်ဆုံးစာသားလေးရှိ၏။ *ဒီမိုကရေစီကို လိုလားတောင်းဆို နေသော မြန်မာပြည်သူများအကြားတွင် ဒီမိုကရေစီအပေါ် သိမြင်နားလည်မှုများ ကွာခြားနိုင်ပါသည်။ ဒီမိုကေ ရစီအကြောင်း ပြောဆိုရေးသား၊ ဝေဖန်၊ ဆွေးနွေးမှုများ အဆက်မပြတ်ပြုလုပ်ခြင်းဖြင့် ဒီမိုကရေစီအပေါ် အသိကွာဟမှုကို ထိမ်းညှိနိုင်ပြီး ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို အထောက်အကူပြုနိုင်ပေသည်* ဟူသော အချက်ဖြစ်သည်။ မိမိတို့ ကိုယ်တိုင် မကျင့်ကြံနိုင်ခဲ့သော အချက်ဟုလည်း ဆိုနိုင်ပါသည်။

ကျောင်းသားတပ်မတော်တွင် ညီလာခံများသည် ဒီမိုကရေစီကျင့်စဉ်ကို ကျင်သုံးနိုင်သော တခု တည်းသော နေရာဖြစ်ပြီး ဒီမိုကရေစီ ရနံ့ အရဆုံး နေရာဟုလည်း ဆိုနိုင်ပေသည်။ ထိုနည်းတူ ဒီမိုကရေစီ ယဉ်ကျေးမှုစံ ဘယ်လောက်ရှိပြီလဲ၊ ဒီမိုကရေစီ စိတ်ဓါတ် ဘယ်လောက်ရှိပြီလဲ ဆိုသည်များကို စမ်းသတ်ရာ နေရာလည်း ဖြစ်ခဲ့ပေသည်။ ထို့ကြောင့်ပင် ညီလာခံမှထွက်ပေါ်လာသော အဖြေများသည် ဒီမိုကရေစီ မှတ်ေ ကျာက်တင်ပြီး ဖြစ်နေတတ်သည်။ ထိုအဖြေမျိုးကို အဖွဲ့အစည်း၏ ကျန်အစိတ်အပိုင်းများတွင် ရှားရှားပါးပါး။

ရှစ်လေးလုံးကာလတွင်း ခံစားမှုမျိုးကို တတိယအကြိမ်ညီလာခံတွင် ရရှိလိုက်ဖူး၏။ သို့သော်ထပ်တူ ထပ်မျှတော့ မဟုတ်။

## မိသားစုတွင်းဒီမိုကရေစီ

လူထုအမိကလူ့အဖွဲ့အစည်း (civil Society) ဘာသာရပ်ကို မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီတွင် လေ့လာခွင့် ရခဲ့သည်။ အသိနောက်ကျသည်ဟုပင် နောင်တရမိသည်။ မိမိကဲ့သို့ပင် အခြားသူများကိုလည်း သိခွင့်၊ လေ့လာခွင့် ရစေချင်သလို၊ နောင် မျိုးဆက်ကိုလည်း ဒီမိုကရေစီကဲ့သို့ပင် လေ့လာသင့်သော ပညာရပ်တခုဟု ဆိုချင်သည်။ မိမိကိုယ်မိမိ ဤဘာသာရပ်ကို သင်ကြားလိုက်ရခြင်းဖြင့် လူပီသသွားသယောင် ထင်လိုက်ရသည်။ ဒီမိုကရေစီကို အရောင်တင်ပေးနိုင်သော၊ အနှစ်တ်အားဖြည့်ပေးနိုင်သော စွမ်းအင်များရှိ သည့် ဘာသာရပ်တခုအဖြစ် နားလည်မိ၏။

အဆိုပါ လူထုအမိကလူ့အဖွဲ့အစည်း ဘာသာရပ်တွင် လူ့အဖွဲ့အစည်းဆိုသည်ကို လူတဦးထက် မက ရှိခြင်းဖြင့် အဓိပ္ပါယ် ဖွင့်ဆိုထားပြီး မိသားစုသည် အသေးငယ်ဆုံးလူ့အဖွဲ့အစည်းဟု လေ့လာရ၏။ ထိုမှ တဆင့် မိမိရလိုက်သည်ကား မြန်မာ့လူ့အဖွဲ့အစည်းကို ပြင်နိုင်ဖို့ မိမိမိသားစုကို အရင်ဆုံးပြင်ဆင်ဖို့။ ထို့နောက် မျှော်လင့် လိုလားသည့် လူ့အဖွဲ့အစည်း ပုံ ဖော်ဖို့ဟုပင်။ မိသားစုအတွင်း အပြန်အလှန်ထိမ်းညှိခွင့်ကို ဖန်တီးထားသင့်သည်။ ကိုယ်ပိုင်ရပ်တည်စီမံခွင့် ( ) ကို ဖန်တီးပေးသင့်သည်။ မိသားစု၏ ယဉ်ကျေးမှုတန်ဖိုး ( ) ကို ဖန်တီးတည်ဆောက်သင့်သည်ဟုမြင်မိ၏။

ကမ္ဘာဦးအစ၌ လူသည် တရိစ္ဆာန်နှင့် ယဉ်ကျေးမှုအဆင့်တူဟုဆို၏။ ပိုကောင်းသည်ဆိုသည်များကို လိုလားစွာ ရှာဖွေသိမြင်တတ်ခြင်းများကြောင့် လူသည် တစစပို၍ပို၍ ယဉ်ကျေးလာ၏။ လူတွေဘယ်လောက် ယဉ်ကျေးလာပြီလဲ ဆိုသည်ကို တရိစ္ဆာန်များထက် ဘယ်လောက် ပိုယဉ်ကျေး လာလာပြီလဲဆိုသည့် ပေတံနှင့် တိုင်းတာနိုင်ပေသည်။ တဖန် တရိစ္ဆာန်တွင်ပင် ရိုင်းခြင်းနှင့် ယဉ်ခြင်းများ ရှိနေပြန်ရာ လူတွင်လည်း ထိုနည်း တူဖြစ်တန်ရာ၏။ လူ့အဖွဲ့အစည်းအတွက်လည်း အကျိုးမရှိ၊ ကိုယ့်အတွက်လည်း အကျိုးမရှိ မိုက်နေသူများသည် လည်းကောင်း၊ လူ့အဖွဲ့အစည်း အကျိုးမရှိ ကိုယ်အကျိုးရှိ မိုက်နေသူများသည် လည်းကောင်း ပညာ၊ ဥစ္စာ မည်မျှပင် ပြည့်စုံနေစေကာမူ ယဉ်ကျေးသည့် လူဟု ယူဆ၍မရ။

လူ့အဖွဲ့အစည်းအကျိုးရှိ၊ ကိုယ့်အကျိုးရှိဆောင်ရွက်တတ်သူများနှင့် လူ့အဖွဲ့အစည်း အကျိုးရှိ၊ ကိုယ့်အကျိုးမရှိ ဆောင်ရွက်တတ်သူတို့သည်သာ ယဉ်ကျေးမှု အဆင့်မြင့် လူသားအဖြစ် လူ့အဖွဲ့ကအစည်းက စံထားသင့်ကြပေသည်။ အဘယ်ကြောင့်မူ ဒီမိုကရေစီတွင် အများစုရွေးချယ်မှုဖြင့် ခေါင်းဆောင်ဆိုသည် ကိုရွေးချယ်ရာ ၏။ ခေါင်းဆောင်များသည် မူဝါဒများကို ရေးဆွဲချမှတ်ကာ ရှေ့ဆောင်ကြရ၏။ ယဉ်ကျေးမှု အဆင့်မြင့်သူများကို ရွေးချယ်မိမှသာ လူ့အဖွဲ့အစည်းအကျိုး အမှန်တကယ် ဖြစ်ထွန်းနိုင်ပေမည်။ ယဉ်ကျေးမှု အဆင့်မြင့်သူများသည်သာ လူအများစုကို လေးစားတန်ဖိုးထားတတ်၍ ညှိနှိုင်းတိုင်ပင်တတ်သည့် အလေ့ အထများ ရှိနိုင်ပေလိမ့်မည်။

` လူ့အဖွဲ့အစည်းအစ မိသားစုကဆိုသည့်စကားကို ပြန်ကောက်ရမည်ဆိုလျှင် ယဉ်ကျေးမှုအဆင့် မြင့်မားမှုကို အသိအမှတ်ပြုပေးခြင်းဖြင့် ပုံဖော်ပေးနိုင်သည်။ စည်းကမ်းတကျနေထိုင်တတ်မှု၊ အပြစ်ရှိလျှင် ပြစ်ဒဏ်ခံရသည့် အလေ့အထကို လက်ခံတတ်မှု၊ တရားမျှတမှုကို လေးစားမြတ်နိုးတတ်မှုနှင့် တရားမျှတ မှုကို ရှာဖွေ ဖန်တီးလိုစိတ်တို့ကို ပြုစုပျိုးထောင်ထားသင့်ပေသည်။ လက်ဦးဆရာဖြစ်သည့် မိဘများမှ ပုံသွင်း မှန်လျှင် လူ့အ ဖွဲ့အစည်းအကျိုး ဖြစ်ထွန်းနိုင်မည်မှာ မလွဲပေ။ ဆိုလိုသည်မှာ မိသားစုအတွင်း ရွေးချယ်တင် မြှောက် ရန်၊ ဥပဒေတွေ ထုတ်နေရန်မဟုတ်။ လူ့အဖွဲ့အစည်းအတွင်း ပုံဖော်လိုသည် များကို လေ့ကျင့်၊ ပုံသွင်း ပေးရုံမျှသာ။ သို့ဆိုလျှင် ပုံသွင်း ပေးနိုင်လောက်သည့် အသိများ မိဘများတွင်ရှိဖို့လိုနေပြန်ပြီ။

၂၄ နာရီတွင် ၈ နာရီမျှ တာဝန်ယူနေရသော ဆရာ၊ ဆရာမများတွင်လည်း အလားတူပင်။

## ဒုက္ခသည်စခန်းအတွင်းဒီမိုကရေစီ

နို့ဖိုး ဒုက္ခသည်စခန်းရောက်စ ရပ်ကွက် အုပ်ချုပ်ရေး ဆိုင်ရာများအတွက် ပါဝင် တည်ဆောက်ခွင့်ကို အခိုက်အတန့် ရခဲ့ဖူးသည်။ မြန်မာနိုင်ငံကို တည်ဆောက်ခွင့် မရပေမယ့် မြန်မာနိုင်ငံ အစိတ်အပိုင်း တခုကို တည်ဆောက်ခွင့်ရခြင်းအတွက် အားစိုက်မိ၏။ အစပိုင်းတွင် တက်ကြွမှုများကြောင့် ေ အောင်မြင်၏။ နောက်ပိုင်းတွင် လျော့ ရဲလာကာ အခြေအနေမပြည့်စုံမှုတွေ အကြား ပျက်စီးသွားခဲ့ရ၏။ ဆိုလိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားသည့် အနေအထားမှ ပုံမှန်အတိုင်းထိုင်းအုပ်ချုပ်မှု အောက်သို့ ပြန်ရောက်သွားခြင်းပင်။ အကြောင်းရင်းမှာ ကိုယ့်နိုင်ငံအတွင်း မဟုတ်ခြင်းနှင့် အတည်တကျရှိနေရမည့် လူ့အဖွဲ့အစည်း အမျိုးအစား မဟုတ်ခြင်း ဆိုသည့် အချက်များ ပါဝင်ပေသည်။

မိမိ စိုးရိမ်မိသည်မှာ အထက်ပါ အခြေအနေများအပေါ်တွင် မူမတည်။ အခြား ဆက်စပ် အတွေးအခေါ်များနှင့် အခြေအနေများကြောင့်။ ဦးစွာဆိုခဲ့သလို မြန်မာပြည်ရဲ ့အစိတ်အပိုင်း တခုဆိုပေမယ့် ရာခိုင်နှုန်းအရ ဆိုလျှင် လက်ရှိ ဒုက္ခသည်စခန်းရှိ လူအများသည် ပညာတတ်များ ဖြစ်ကြ၍ နိုင်ငံရေး ဖြတ်သန်းမှု ရှိကြသူများ၏။ ရှင်းရှင်းဆိုရသော် ဒီမိုကရေစီလိုလားသူ များပေသည်။

သို့သော် ပြဿနာကား ဒီမိုကရေစီ အနှစ်သာရကို ဆုပ်ကိုင်မိသူ ရှား၏။ ဒီမိုကရေစီကို For the pe0ple, by the people လောက်နှင့်သာ ကျေနပ်၍ ရပ်တန့်နေသူများ၏။ မိမိတို့မှ နားလည်သူများ နှင့် အတွေ့အကြုံရှိသူများ ညှိနှိုင်းတိုင်ပင်၍ ဖွဲ့စည်းပုံ စည်းမျဉ်း။ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ရပ်ကွက်သားများ လိုက်နာ ရမည့် စည်းကမ်းနှင့် လုံခြုံရေးဆိုင်ရာများ လိုက်နာရမည့် စည်းကမ်းများကို ဒေသနှင့် ကိုက်ညီအောင်၊ မကျယ် မကျဉ်း ပြုစုထားကြသည်။ အများသဘောတူညီမှုကို တတ်နိုင်သမျှ ရယူထားသည်။ ဤသည်ကိုပင် အချို့ လူများက နိုင်ငံတခု တည်ဆောက်နေတာကျနေတာပဲ။ ဒီမှာ ဘယ်လောက် ကြာကြာနေဖို့ ပြင်ထားလိုလဲ ဆိုသည်များနှင့် ဆန့်ကျင် ပျက်ရယ်မှု ပြုကြသည်။ မိမိတို့ ယူဆသည်က လူဆိုသည်မှာ ဖောက်ပြန်တတ်သည်။ မှားယွင်းတတ်သည်။ လူတဦး ၏ မှားယွင်း လွဲချော်ခြင်း၊ အားနည်းချက်များ ရှိခြင်းများကို မည်သည့် စံများဖြင့် တိုင်းတာ၍ မှားယွင်းသည်ဟု ပြောဆိုကြမည်နည်း။ မည်သို့ အပြစ်ပေး အရေးယူကြမည်နည်း။ သတ်မှတ် ချက်များ၊ သဘောတူညီမှုများ မရှိလျှင် မည်သည့် အချက်များနှင့် ချိန်ထိုး၍ မည်သို့ အကောင်အထည် ဖော်ဆောင်ကြမည်နည်း ဆိုသည်ပင်။

ဒီမိုကရေစီဆိုသည်ကို မြတ်နိုးသည်ဆိုပါလျှင် စည်းမျဉ်း၊ စည်းကမ်း ၊ ဥပဒေဆိုသည်များနှင့် ကင်းကွာ၍ မရပါ။ ပရမ်းမတာ လုပ်ရပ်များ၊ မင်းမဲ့ဆန်နေမှုများနှင့် သွားနေ၍ မရပါ။ မိမိတို့ လိုချင်သည့် အနာဂတ် တိုင်းပြည်အတွက် ခုထဲကပင် ရသည့်နေရာမှ လေ့ကျင့် တည်ဆောက်နေရ မည်သာ။ မိမိတို့ အတွေ့အကြုံအရ အတားအဆီး ဖြစ်စေသော အချက်များအနက် ထောင်လိုက် အုပ်ချုပ်ရေး(သို့) ဗျူရိုကရေစီ အုပ်ချုပ်ရေးကို လုံးဝ ငြင်းဆန်နေခြင်းပင် ဖြစ်ပေသည်။ နေရာတကာ အလျားလိုက် နည်းနာများဖြင့် သွားလိုကြသဖြင့် အချိန်ကုန်၊ အလုပ် မဖြစ်သည့် ပြဿနာများကိုလည်း မကြာခဏတွေ့ခဲ့ရပေသည်။ အချုပ်ပြောရလျှင် ဗျူရိုကရေစီနှင့်ဒီမိုကရေစီကို ကွဲကွဲပြားပြား မသိခြင်းနှင့် စနစ်တကျ မသုံးနိုင်ခြင်းတို့ကြောင့် ရပ်ကွက် အုပ်ချုပ်ရေး ယန္တယားမှာ အချိန်တိုအတွင်းမှာပင် နိဂုံးချုပ်ခဲ့ရပေသည်။

ကိုယ်ခံအားနည်းလျှင် ရောဂါဝင်လွယ်သည်၊ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်း၏ ဟူ၍ ဆေးပညာတွင် ပြောစမှတ် ရှိကြသည်။ လူ့အဖွဲ့အစည်းတွင်လည်း ဒီမိုကရေစီ ယန္တယားပျက်သည်နှင့် အာဏာရှင် ယန္တယား အလွယ် တကူ ဝင်ရောက်တတ်သည်။ ဒီမိုကရေစီ မှာ ရေဆန်မျိုးဖြစ်၍ ယဉ်ေ ကျးမှုမြင့် သည်နှင့်အမျှ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကြိုတင် ကျားကန်ထားရစမြဲ ဖြစ်ပေသည်။ အခွင့်အရေးများ တည်မြဲရှိဖို့ ဆိုသည်မှာ သတ်မှတ်ထား သည့် စည်းမျဉ်း စည်းကမ်းများ ရှိမှသာ အသက်ဝင်၍ အာမခံချက်လည်း ရှိနိုင်ပေမည်။ ဤသည်ကို ဒုက္ခသည် ရပ်ကွက်တွင်း ဒီမိုကရေစီကို ကျင့်သုံးမိစဉ်မှ ရလိုက်သော အတွေ့အကြုံများပင် ဖြစ်ပေသည်။

အဆိုပါ ဒီမိုကရေစီကျင့်စဉ် အစပိုင်းတွင်လည်း ရှစ်လေးလုံးကာလမှ ရန့်မျိုးကို ရလိုက်ပေသည်။

## ဒီမိုကရေစီနှင့် ထွေရာလေးပါး

ဒီမိုကရေစီကို မတူညီသူများ ပူးပေါင်း နေထိုင်ကြမှသာ ရရှိနိုင်သည်ဟု လေ့လာဖူး၏။ မိမိအမြင်တွင် ထိုမျှ လောက်နှင့် မလုံလောက်ဟု ယူဆမိသည်။ ထိုနေထိုင်မှုသည် ရေရှည်သဘော ဆောင်ပြီး၊ တိုးတက်ဖွံ့ဖြိုးမှုကို ဦးတည်နိုင်မှသာ ပြည့်စုံနိုင်မည်ဟု ယုံကြည်သည်။

လူ့အဖွဲ့အစည်းတခုလုံကို မဆိုထားနှင့် အသင်းအဖွဲ့များပင်လျှင် ထိုအခြေခံ အယူအဆများနှင့် တည်ဆောက်နိုင်ဖို့လိုအပ်ပါသည်။ မိမိတို့ မျက်မှောက်တွင် အဖွဲ့အစည်းပေါင်းများစွာ ပေါ်ပေါက်ခဲ့ဖူး၏။ များမကြာလှသော ကာလတွင်ပင် တချို့မှာ စုန်းစုန်းမြုပ် ပျောက်ကွယ်သွား၍ အချို့မှာ နာမည်သာ ကျန်တော့သည်။ အချို့မှာမူ လက်တဖက်ပင် မပြည့်လှသော ခေါင်းဆောင်ချည်းသက်သက်နှင့် ချီတက်နေကြဆဲ။ အား ကောင်းကောင်းနှင့် လှုပ်ရှားနိုင်သည့် အဖွဲ့အစည်းဟူ၍ ရှာမှရှား။ မြန်မာ့သမိုင်းနှင့်ချီ၍ အားကောင်းခိုင်မာသည့် အဖွဲ့အစည်းဟူသည်မှာမူ ... ။

အသင်းအဖွဲ့များ အားကောင်း ခိုင်မာမှုသည် လူတဦးချင်းစီတို့၏ သန်စွမ်းမှုထက် လူ့အဖွဲ့အစည်း၏ ဖွံ့ ဖြိုးတိုးတက်မှု အပေါ်တွင် ထိရောက်မှု ပိုနိုင်မည်မှာ အသေအချာ။ သို့အတွက် လူ့အဖွဲ့အစည်းတခုလုံး ဖွံ့ဖြိုးတိုးတက်နိုင်စေရေး အတွက် အသင်းအဖွဲ့များ၏ အခန်းကဏ္ဍသည် အဓိက ကျနေပေသည်။ အသင်းအဖွဲ့များ အားကောင်းခိုင်မာဖို့ မည်သည်တို့ လိုအပ်သနည်း ဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်လာပါသည်။

အရင်းစစ်တော့ အမြစ်မြေကဆိုသည့်အတိုင်း အသင်းအဖွဲ့များ အားကောင်း ခိုင်မာရေးအတွက် လူတဦးချင်းစီ အရည်အသွေးရှိမှုကိုပင် ပြန်၍အခြေဆိုက်၏။ သူချည်းသက်သက်လားဆိုတော့ ပြည့်စုံသည် ဟုမဆိုသာ။ အဖွဲ့အစည်း ဆန်ဆန် လုပ်ကိုင်တတ်မှုရှိဖို့ လိုနေသေးကြောင်း လက်တွေ့မြင်တွေ့နေရပေသည်။ မူဝါဒရေးဆွဲသူ၊ အကောင်အထည် ဖော်ဆောင်သူနှင့် စီမံခန့်ခွဲသူများ အချိုးအစားညီညီ၊ သဟဇာတမျှ တစွာ လုပ်ကိုင် ဆောင်ရွက်တတ်ဖို့ လိုပေသည်။ အဖွဲ့အစည်း၏ အားနည်း ချက်များကို ဖော်ထုတ်ပြင်ဆင်၊ ဖြည့်စွက်ကာ အားကောင်း ခိုင်မာမှုများ တိုးပွားလာစေရေးကို ကြံဆတတ်ဖို့ မရှိမဖြစ်လိုအပ်လာပါသည်။

ဤနေရာတွင် ဒီမိုကရေစီအပေါ် မိမိ အမြင်တခုကို တင်ပြလိုပါသည်။ ဒီမိုကရေစီ သဘောတွင် လူအများက အုပ်ချုပ်ခြင်းဟူသော သဘော၌ လူအများဟု ဆိုခြင်းသည် မိမိတို့ မြင်နေသည်ထက် ပိုမို အဓိပ္ပါယ်ရှိ နိုင်ပါသည်။ သင်္ချာသဘောအရ အရေအတွက်များခြင်းထက် ရလဒ် တန်ဖိုးများခြင်းကို ဆိုလိုဟန်ရှိသည်။ ဥပမာ ၁ + ၁ သည် ပေါင်းခြင်း သဘောသက်သက်မျှသာဖြစ်ပြီး ရလဒ် ၂ မှာလည်း ပုံမှန် အရည်အတွက် သဘောမျှသာ။ ပိုမို ရှင်းလင်းအောင် ပြောရလျှင် အရည်အချင်း တမျိုးစီရှိသော လူနှစ်ယောက် ပေါင်းခြင်းဖြင့် အရည်အချင်း နှစ်မျိုးရှိသော အလုပ် လုပ်နိုင်ကြခြင်းသည် ပုံမှန်သင်္ချာသဘော။ ဒီမိုကရေစီ သဘောအရဆို လျှင် ၁ + ၁ ၏ အဖြေသည် ဒီမိုကရေစီ ကျင့်ကြံနိုင်မှုအား အပေါ်မူတည်၍ ၃၊ ၄၊ ၅ စသည့် ရလဒ် အမျိုးမျိုးကို ဖြစ်စေနိုင်ပေသည်။ မျက်မှောက်ကာလတွင်ကား သင်္ချာသဘော ပေါင်းစည်းခြင်းထက်ပင် ရလဒ်ပို၍ နည်း နေသည်မှာ ထင်သာမြင်သာပင်။ အရည်အချင်းရှိသူများ စုပေါင်း လုပ်ကိုင်ကာမှ တဦးချင်း လုပ်ဆောင်မှုထက် ပိုနည်းသောရလဒ်သာ ထွက်ရှိသည်ဆိုလျှင် ထိုအဖွဲ့အစည်းသည် မကြာခင်ပျက်တော့မည်။

တဦးချင်းလုပ်ဆောင်ရာမှ စုပေါင်း လုပ်ဆောင်ခြင်းဖြင့် အရေအတွက်ထက်ပိုသော အကျိုးရလဒ် ဖြစ်ထွန်းမှသာ ဒီမိုကရေစီ ကျင့်စဉ်မှန်ဟု ဆိုလိုရင်ဖြစ်ပေသည်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း ဖြစ်တည်မှု လမ်းကြောင်း အမှန်ဟု ဆိုနိုင်ပေမည်။ သို့ပါ၍ တဦးချင်း သန်စွမ်းရေး တည်ဆောက်မှု၊ တဖွဲ့ချင်း အားကောင်း ခိုင်မာရေး တည်ဆောက်မှုများသည် လူ့အဖွဲ့အစည်း တည်ဆောက်မှုနှင့် သီးခြားကင်းလွတ်သည်၊ မသက် ဆိုင်ဟု ယူဆ၍ မရနိုင်တော့။ ရည်ရွယ်ချက် ရှိရှိ တည်ဆောက်ကြလျှင်မူကား ... ။

တဦးချင်း၊ တဖွဲ့ချင်းမှသည် မြန်မာ့လူ့အဖွဲ့အစည်း၏ရလဒ်ကောင်းများကို ဖန်တီးဖော်ထုတ်နိုင်စွမ်းရှိ ကြပါစေကြောင်း ... ။

ရှစ်လေးလုံးသင်း ရနံ့ အားရပါးရ ရှူရှိုက်ခွင့်ကို မျှော်လင့်စောင့်စားလျက် ... ။

၃၀ ၊ ၁၂ ၊ ၂၀၀၈